# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၅) ရက်မြောက်နေ့ အစီအစဉ်

# (၁၃-၁၂-၂၀၁၉)(သောကြာနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရေစီးရေလာကောင်းမွန်ရေးအတွက် စီမံချက်ရေးဆွဲ၍ ဘဏ္ဍာငွေ လျာထားသတ်မှတ်ပေးပြီး လမ်းမကြီး (၁၀)လမ်းကို အုတ်ပါတ်ကား ရေမြောင်းများ သို့မဟုတ် ပရီကတ်ရေမြောင်းများ အမြန်ဆုံးပြုလုပ်ပေး၍ ဆက်စပ်လျက်ရှိသော သိမ်ကျောင်းချောင်း၊ ဘဲတန်းချောင်း၊ ကွေ့မချောင်း၊ မဓမကြီးရိုးချောင်းနှင့် ရေဝဏ်ဆက်စပ်မြောင်းများကို ရှင်းလင်းပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၏ **မကွေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းရပ် မြို့ပတ်လမ်းတွင် တည်ရှိခဲ့သော ရေထိန်းကန် (ရွှေလက်ပံ) ရေကန် ပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေးမြို့နယ်၊ ပျော်ဘွယ်လေး ကျေးရွာနေ ဒေါ်ကျင်သိန်းက သူ၏သိမ်းဆည်းခံမြေ ပြန်လည် ပေးအပ်ရေးကိစ္စတွင် အခက်အခဲအတားအဆီး အနှောင့်အယှက်များ ပေါ်ပေါက်နေမှုနှင့်စပ်လျဉ်း၍ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်၊ မန်ကတ် ကျေးရွာအုပ်စု၊ မန်ကောင်းရွာအနီးရှိ နမ့်မိုက်ဆည်ကို RC ကွန်ကရစ်ဖြင့် အပြီးသတ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော တောင်ပေါ်နေတိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင် စေနိုင်မည့် အမျိုးသားအဆင့် စီမံကိန်းများ ရေးဆွဲထားခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ မွေးမြူရေး လုပ်ကိုင်သူများအတွက် မျိုးကောင်းမျိုးသန့် ဝက်သားပေါက်၊ ကြက်သားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးမှုကို နိုင်ငံပိုင်ခြံများမှ ဆောင်ရွက်ပေးခြင်းရှိ၊ မရှိနှင့် ယခုအခါ ကြက်/ဝက်သားပေါက်များ ထုတ်လုပ်မှု၊ မျိုးသန့်စင်မှုနှင့် ရောဂါကင်းစင်မှုတို့ကို မည်သို့ဆောင်ရွက် နေကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၏ **ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၄၄)၊ မကျီးသမျှားတောင်၊ ဦးပိုင်တောင်သူ (၁၅)ဦး၏ မြေဧရိယာ (၃၈.၆၄)အား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မူလတောင်သူများအား ပြန်လည်စွန့်လွှတ်၍ ယာယီစိုက်ပျိုး လုပ်ကိုင်ခွင့် ပုံစံ(၃) ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေစဉ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေး မူဝါဒအတိုင်း နစ်နာသော မူလတောင်သူများအား တရားသဖြင့် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန က တင်သွင်းသည့် **"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏နှစ်ပတ်လည်အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၊

(ဂ) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။